# ရွှေဖြူအတွက် သိမ်းယူခြင်း

## ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ပလက်တီနမ်တူးဖော်မှု

# အမှာစကား

ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ပလက်တီနမ်ခေါ် ရွှေဖြူသတ္တု တူးဖော်ထုတ်လုပ်မှုနှင့် ပတ်သက်သော အစီရင်ခံစာ သည် သတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကြောင့် ဒေသခံများဖြစ်သည့် လားဟူနှင့် အခါရွာသားများ ခံစား နေရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်ရန်အတွက် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။ အချို့သော ပြည်သူများက လားဟူဒေသသည် အစိုးရကို ထောက်ခံသည့် ပြည်သူ့စစ်နှင့် နယ်ခြားစောင့် တပ်ဖွဲ့များက ထိန်းချုပ်ထားသည့်အတွက် ကျွန်ုပ်တို့ ပြည်သူများသည် ဆိုးရွားသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ရင်မဆိုင်ရနိုင်ဟု ယူဆကြပါသည်။ သို့သော် အမှန်တကယ်အားဖြင့် လားဟူနှင့် အာခါပြည်သူများသည် သူတို့၏ အခြေခံရပိုင်ခွင့်များကို ငြင်းပယ်ခံနေကြရသည်။

လားဟူအမျိုးသမီးအဖွဲ့ (Lahu Women’s Organization) သည် မြန်မာပြည်မှ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်နေကြသော လားဟူအမျိုးသမီးများနှင့် ကလေးများ၏ လိုအပ်ချက်များကို ဖော်ထုတ်တင်ပြရန်အတွက် ၁၉၉၇ခုနှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လားဟူအမျိုးသမီးအဖွဲ့သည် လားဟူအမျိုးသမီးများ စွမ်းရည် မြှင့်တင်ရေးနှင့် နိုင်ငံရေးတွင် ပိုမိုပါဝင် ဆောင်ရွက်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလုပ်ငန်းကဏ္ဍများ တိုးတက်လာစေရေးအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်း၊ အလုပ်သင်အဖြစ် ခေါ်ယူလေ့ကျင့်မှု၊ အမျိုးသမီးများ အမြင်ဖလှယ်ရေးဆွေးနွေးပွဲများမှ တဆင့် ဆောင်ရွက်ပေးနေပါသည်။

# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ် ............................................................ ၂

သတ္တုတူးဖော်သည့် အချိန်ကာလ ............................................................ ၄
ပါဝင်ပတ်သက်သည့်ကုမ္ပဏီများ............................................................ ၄

ရွှေဖြူတူးဖော်မှုကြောင့် ထိခိုက်ခံရသည် ကျေးရွာများ............................................................ ၅

ဒေသခံများထံမှအကြံဉာဏ်ရယူခြင်းမရှိသော (သို့) ပွင့်လင်းမြင်သာမှု မရှိသော သတ္တုတူးဖော်မှုလုပ်ငန်းစဉ်................ ၇

သတ္တုတူးဖော်ခြင်း၏ ဆိုးကျိုးများ............................................................ ၇
လယ်ယာမြေသိမ်းဆည်းခြင်း ............................................................ ၇
လမ်းမကြီးများပျက်ဆီးခြင်း ............................................................ ၁၀
သောက်သုံးရေအရင်းအမြစ်များ ပျက်ဆီးခြင်း............................................................ ၁၁
သတ္တုတူးဖော်မှုတွင် ဒေသခံများအတွက် အလုပ်အကိုင် မဖန်တီးပေးခြင်း............................................ ၁၂

အမျိုးသမီးများ ခံစားရသော ဆိုးကျိုးများ ............................................................ ၁၃
ရေရရှိရေးအတွက် ဝေးလံစွာ သွားလာရခြင်း............................................................ ၁၃
သတ္တုတွင်းလုပ်သားများ၏ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု............................................................ ၁၃
ခန္ဓာကိုယ်ရင်း၍ စီးပွားရှာသော အမျိုးသမီးငယ်များ ပေါ်ပေါက်လာခြင်း............................................ ၁၃
အလုပ်သမားများက အမျိုးသမီးငယ်များကို ဇနီးအဖြစ် ရယူခြင်း............................................................ ၁၄
အမျိုးသမီးငယ်များကို လိမ်ညာလက်ထပ်ယူခြင်း............................................................ ၁၄
အဓမ္မ လူကုန်ကူးခံရခြင်း ............................................................ ၁၄

နိဂုံး............................................................ ၁၅

## Platinum mining in eastern Shan State




○

# အစီရင်ခံစာအကျဉ်းချုပ်

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၏ မြောက်ဖက် တောင်တန်းဒေများတွင် ဒေသခံများကို ထိခိုက်စေသည့် ရွှေဖြူတူးဖော်ခြင်းလုပ်ငန်းကို ၂၀၀၇ခုနှစ်မှ စတင်ခဲ့ကာ ယင်းကြောင့် လားဟူ၊ အာခါနှင့် ရှမ်းရွာ ၈ရွာမှာ လူပေါင်း ၂၀၀၀ကျော်ကို ထိခိုက်စေခဲ့သည်။ ရွှေဖြူတူးဖော်မှုကို မြန်မာကုမ္ပဏီများက ဆောင်ရွက်နေပြီး တရုတ်နှင့် ထိုင်းနိုင်ငံသို့ တင်ပို့လျှက်ရှိသည်။

တာချီလိတ်မြို့ မြောက်ဖက် ၁၃ကီလိုမီတာအကွာရှိ အားရဲခေါ် အာခါရွာအနီးတွင် ကုမ္ပဏီ၅ခုက လုပ်ငန်း လုပ်ကိုင်လျှက်ရှိသည်။ ထိုကုမ္ပဏီများက ရွာသားများပိုင်ဆိုင်သည့် ပစ္စည်းများနှင့် မြေယာများကို အတင်းအကျပ်ဖိအားပေး၍ ဈေးနှိမ်ရောင်းချစေသကဲ့သို့ မြေယာအချို့ကို လျော်ကြေးမပေးဘဲ အဓမ္မသိမ်းယူ ခဲ့ကြသည်။ ထောင်ပေါင်းများစွာသော စိုက်ပျိုးမြေဧကများနှင့် သစ်တောများကို ကုမ္ပဏီက သိမ်းယူနေပြီး အချို့သောမြေယာများသည် သတ္တုတွင်းမှ အညစ်အကြေးများစွန့်ပစ်သောကြောင့် ပျက်ဆီးလျှက်ရှိသည်။ ရွာသူရွာသားများ အသုံးပြုသည့် အဝေးပြေးလမ်းသို့ သွားရောက်ရာလမ်းမှာလည်း သတ္တုတူးဖော်သည့် ကုန်တင်ကားများ၊ စက်ယန္တယားကြီးများ ဖြတ်သန်းသွားခြင်းကြောင့် ပျက်ဆီးကြရသည်။

သတ္တုတူးဖော်ခြင်းကြောင့် ရွာသားများ အဓိကအသုံးပြုနေသော ရေအရင်းအမြစ် ညစ်ညမ်းလျှက်ရှိပြီး ရေစီးကြောင်းများလည်း ပြောင်းလဲကုန်သည်။ ယင်းအခြေအနေများက ဒေသခံအမျိုးသမီးများကို ကြီးမားသော အခက်အခဲများဖြစ်ပေါ်စေသည်။ အကြောင်းမှာ ရေရရှိရန်အတွက် အလွန်ဝေးကွာသောခရီးကို ခြေလျင် လမ်းလျှောက်သွားရသောကြောင့် ဖြစ်သည်။

ထို့အတူ သတ္တုတူးဖော်ရာလုပ်ငန်းသို့ အမျိုးသားရွှေ့ပြောင်းအလုပ်သမားများ အစုလိုက်အပြုံလိုက် ရောက်ရှိ လာခြင်းကြောင့် ထိုနေရာတဝိုက်တွင်နေထိုင်သည့် အမျိုးသမီးများ၏ လုံခြုံရေးမှာ အန္တရာယ် ကျရောက် လျှက်ရှိသည်။ စိုက်ခင်းသို့ သွားသည့်အမျိုးသမီးများမှာ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို ကြုံတွေ့ နေရသည်။ အမျိုးသမီးငယ်များမှာ သတ္တုတွင်းအလုပ်သမားများ၏ မယားငယ်များအဖြစ် သိမ်းယူခံရသကဲ့သို့ အချို့ အမျိုးသမီးငယ်များမှာ ပြည့်တန်ဆာများ ဖြစ်ကြရသည်။ သတ္တုတွင်းဝန်ထမ်းများက ဒေသခံ အမျိုးသမီးငယ်များကို လူကုန်ကူးရာတွင် ပါဝင်ပတ်သက်နေကြသည်။

ရွာသူ၊ရွာသားများ၏ အခွင့်အရေးကို ကာကွယ်ပေးသည့် ဥပဒေစိုးမိုးမှုလည်း ကင်းမဲ့နေသည်။ မြန်မာစစ်တပ်မှ အရာရှိများအား လာဘ်ထိုးခြင်းအားဖြင့် သတ္တုတူးဖော်သည့် ကုမ္ပဏီများသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာရန်မလိုဘဲ လုပ်ငန်းလုပ်ကိုင်နိုင်ကြသည်။ ထို့ကြောင့် သတ္တုတူးဖော်သည့်ကုမ္ပဏီများနှင့် အိမ်နီးချင်းနိုင်ငံမှ ရွှေဖြူဝယ်ယူသူတို့သည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ရှောင်ရှားခြင်းဖြင့် သတ္တုတူးဖော်ခြင်း လုပ်ငန်းမှ အမြတ်ငွေ များနိုင်သမျှ များများရအောင် ဆောင်ရွက်နေကြသည်။

ထို့ကြောင့် လားဟူ အမျိုးသမီးအဖွဲ့က ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို မဖြစ်စေဘဲ ဆင်းရဲမွဲတေမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှုကိုသာဖြစ်စေသည့် သတ္တုတူးဖော်ခြင်းလုပ်ငန်းကို ချက်ချင်း ရပ်တန့်ရန် မြန်မာအစိုးရအား တောင်းဆိုသည်။

**ရွှေဖြူကို မည်သည့်နေရာသို့ ပို့ဆောင်နေသနည်း။**
သတ္တုရိုင်းများကို မိုင်းကိုးအနီးတွင် စုဆောင်းပြီး တတန်လျှင် ဒေါ်လာ ၃၀၀၀ ဖြင့် ကျိုင်းတုံနှင့် မိုင်းလားမှ တဆင့် တရုတ်နိုင်ငံသို့ လည်းကောင်း၊ မဲခေါင်မြစ်ကြောင်းမှ တဆင့် ထိုင်းနိုင်ငံသို့ လည်းကောင်း တင်ပို့ ကြသည်။

**ပလက်တီနမ်ခေါ် ရွှေဖြူ ဆိုသည်မှာ အဘယ်နည်း။**
ပလက်တီနမ်ခေါ် ရွှေဖြူသည် အလွန်ရှားပါး၍ အဖိုးတန်သော သတ္တုတမျိုးဖြစ်ကာ အဓိကအားဖြင့် တောင်အာဖရိက နိုင်ငံမှ တူးဖော်ထုတ်လုပ်သည်။ နှစ်စဉ် ရွှေဖြူထုတ်လုပ်မှုမှာ တန်ချိန်အနည်းငယ်သာ ရှိသည်။ ရွှေဖြူတအောင်စ ရရှိရန် သတ္တုရိုင်း ၁၀ တန်ခန့် တူးဖော်ရမည်ဖြစ်သည်။ ရွှေဖြူသည် သံချေးမတက်ခြင်းနှင့် မြင့်မားသည့် အပူချိန်ဒဏ် ခံနိုင်ခြင်းတို့ကြောင့် စက်မှုလုပ်ငန်းများတွင် အသုံးများသည်။ အချို့က လက်ဝတ်ရတနာ ပစ္စည်းအဖြစ် ထုတ်လုပ်ကြသည်။ ပုံမှန်အားဖြင့် ရွှေဖြူသည် ရွှေထက် တန်ဖိုးကြီးမား လေသည်။

# သတ္တုတူးဖော်သည့် အချိန်ကာလ

**၂၀၀၇ခုနှစ်-** စိုင်းလောင်ဟိန်းကုမ္ပဏီက အားရဲရွာအနီးတွင် အလုပ်သမားတန်းလျားများ တည်ဆောက်ပြီး ရွှေဖြူကို စတင် စမ်းသပ် ရှာဖွေခဲ့သည်။

**၂၀၀၉ခုနှစ်-** စိုင်းလောင်ဟိန်းကုမ္ပဏီက ရွာသားများ၏မြေယာကို ကာလပေါက်ဈေးထက် နည်းပါးသော လျော်ကြေးများ ပေးကာ သိမ်းယူခဲ့သည်။ မိသားစု ၇စုက လျော်ကြေးငွေကို သဘောတူလက်ခံကာ ၄င်းတို့ ကျေးရွာမှ ထွက်ခွာသွားသည်။ မြင့်ဦးအောင် ကုမ္ပဏီက  စတင် စမ်းသပ်ရှာဖွေသည်။

**၂၀၁၀ခုနှစ်-** စိုင်းလောင်ဟိန်းကုမ္ပဏီက အလုပ်သမား၂၀၀ခန့်နှင့် တိုးချဲ့လုပ်ကိုင်လာပြီး အားရဲရွာအနီးတွင် တူးဖော်ထုတ်လုပ်မှုအများအပြားကို စတင်လုပ်ဆောင်သည်။

**၂၀၁၁ခုနှစ်-** ဟိန်းလင်းစံကုမ္ပဏီ၊ စံပါရမီကုမ္ပဏီ၊ ဝဏ္ဏသိန်းသန်းကုမ္ပဏီ သုံးခုက အားရဲရွာအနီးတွင် နေရာသစ်ချဲ့ထွင်ကာ စမ်းသပ်တူးဖော်မှုများ စတင်လုပ်ဆောင်သည်။ စိုင်းလောင်ဟိန်းကုမ္ပဏီသည် ယင်းဒေသမှ တလလျှင် တန်ချိန် ၅၀၀၀ ခန့် တူးဖော်ထုတ်လုပ်လာသည်။

# ပါဝင်ပတ်သက်သည့် ကုမ္ပဏီများ

**စိုင်းလောင်ဟိန်းကုမ္ပဏီ**

ယင်းဒေသတွင် ၂၀၀၇ခုနှစ်မှ စတင်ကာ ပထမဆုံး စမ်းသပ်ရှာဖွေသော ကုမ္ပဏီဖြစ်သည်။ လောလောဆည် တွင် အလုပ်သမား ၂၀၀ကျော်နှင့် အကြီးမားဆုံး သတ္တုတူးဖော်နေသည်။ ယင်းသည် မြန်မာကုမ္ပဏီ ဖြစ်သော် လည်း တရုတ်အမျိုးသားများက ကျောထောက်နောက်ခံပြုထားသည်ဟု သိရှိကြသည်။ ၂၀၁၁ခုနှစ်တွင် ယင်းကုမ္ပဏီက လစဉ် သတ္တုရိုင်း တန်ချိန် ၅၀၀၀ခန့် တူးဖော်ထုတ်လုပ်လာသည်။

**မြင့်ဦးအောင်( မုတ်ဆိတ်) ကုမ္ပဏီ**

၂၀၀၉ခုနှစ်တွင် လုပ်ငန်းစတင်ပြီး ၂၀၁၁ခုနှစ်တွင် အလုပ်သမား ၅၀ခန့်နှင့် လုပ်ကိုင်လာကာ တာချီလိတ်မြို့ တွင် ရုံးခန်းဖွင့်လှစ်ထားသည်။

**ဟိန်းလင်းစံ ကုမ္ပဏီ**

၂၀၁၁ခုနှစ်တွင် လုပ်ငန်းစတင်ပြီး လက်ရှိ အလုပ်သမား ၂၀ခန့်ရှိကာ တာချီလိတ်မြို့တွင် အခြေစိုက်သည်။

**စံပါရမီကုမ္ပဏီ (သတ္တုတွင်း ဝန်ကြီးဌာန)**

၂၀၁၁ခုနှစ်တွင် စမ်းသပ်တူးဖော်မှုစတင်ကာ လက်ရှိ အလုပ်သမား ၂၀ခန့်ရှိသည်။

**ဝဏ္ဏသိန်းသန်းကုမ္ပဏီ**

၂၀၁၁ခုနှစ်တွင် လုပ်ငန်းစတင်ပြီး လက်ရှိ အလုပ်သမား ၂၀ခန့်ရှိကာ တာချီလိတ်မြို့တွင် အခြေစိုက်သည်။

# ထိခိုက်ခံရသည့် ကျေးရွာများ

ယင်းဒေသမှ ပြည်သူများသည် လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းနေကြသူများဖြစ်သည်။ ဆန်စပါး၊ လက်ဖက်၊သီးနှံနှင့် ဟင်းသီးဟင်းရွက်များစိုက်ပျိုးပြီး ဆိတ်မွေးမြူခြင်း၊ မယ်ဇလီပင်များကို ထင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွက် ရည်ရွယ်စိုက်ပျိုးခြင်းတို့ကို လုပ်ကိုင်ကြသည်။ ဒေသခံများသည် ပိုလျံသော ထုတ်ကုန်များကို တာချီလိတ်မြို့သို့ လာရောက် ရောင်းချကြသည်။ ထို့ပြင် ပျားရည်နှင့် ပရဆေးပင်ကဲ့သို့သော သစ်တောထွက်ပစ္စည်းများ ရှာဖွေစုဆောင်းကာ ရောင်းချကြသည်။

ရွှေဖြူတူးဖော်သည့်နေရာသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု အားရဲရွာပတ်ဝန်းကျင်တွင် ဖြစ်သော်လည်း အနီးအနားမှ ဌာနေတိုင်းရင်းသားများဖြစ်သည့် အာခါ၊ လားဟူနှင့် ရှမ်းရွာ ၇ ရွာမှာလည်း သတ္တုတူးဖော်မှုကြောင့် ဆိုးကျိုးများ ခံစားနေရသည်။ ၄င်းရွာများမှာ-

| **ရွာအမည်** | **အိမ်ခြေ** | **လူမျိုး** |
|---|---|---|
| အားရဲ | ၁၈ | အာခါ |
| ကျောတော | ၂၀၀ | ရှမ်း |
| မယ်ကောဝမ်း | ၈၅ | လားဟူနှင့် အာခါ |
| မားမိုတာ | ၂၀ | လားဟူ |
| မားမိုတာ(၂) | ၂၀ | လားဟူ |
| မားမိုတာ(၃) | ၁၈ | လားဟူ |
| ဟားကျား | ၂၆ | လားဟူ |
| မာအိုဆမ်းခမ်း | ၆ | လားဟူနှင့် အာခါ |
| **စုစုပေါင်း** | **၃၉၃ =အိမ်ခြေ (လူဦးရေ ၂၀၀၀ခန့်)** | |

**ဒေသခံများထံမှအကြံဉာဏ်ရယူခြင်းမရှိသော (သို့) ပွင့်လင်းမြင်သာမှုမရှိသော သတ္တုတူးဖော်မှုလုပ်ငန်းစဉ်**

သတ္တုတူးဖော်သည့် ကုမ္ပဏီများ ယင်းဒေသအတွင်းသို့ လာရောက်၍ လုပ်ငန်းမလုပ်ကိုင်မီ ဒေသခံပြည်သူ များကို အသိပေးခြင်းမရှိသကဲ့သို့ အကြံဉာဏ်ရယူခဲ့ခြင်းလည်း မရှိခဲ့ပေ။ ယင်းကုမ္ပဏီများက တာချီလိတ် ဗျူဟာမှူး ခင်မောင်စိုးထံမှ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့်အခါမှသာ သိကြရသည်။ ယင်းကုမ္ပဏီများ သည် တာချီလိတ်အခြေစိုက် ခမရ ၅၂၆ကို လုံခြုံရေးအတွက် တလလျှင် ဘတ်ငွေ ၅၀၀၀( မြန်မာငွေ ၁ သိန်းခွဲခွန့် ) ပေးကြရသည်။

ယင်းဒေသသို့ သတ္တုတူးဖော်သည့် ကုမ္ပဏီများ ဝင်ရောက်လာသည့်နောက်တွင် မြန်မာစစ်တပ်ဖွဲ့များသည် ယင်းဒေသအတွင်း ကင်းလှည့်စောင့်ကြပ်မှုများ ပိုမိုဆောင်ရွက်လာခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း တြိဂံဒေသစစ်တိုင်းမှူး တာချီလိတ်မြို့သို့ လာရောက်သည့်အခါတိုင်း ဒေသခံရွာသားများထံမှ ဧည့်ခံစရိတ် အဓမ္မကောက်ခံကြသည်။ ဒေသခံအာဏာပိုင်များသည် သတ္တုတူးဖော်သည့် ကုမ္ပဏီများထံမှ ငွေကြေးကောက်ခံမှုများလည်း ရှိခဲ့သည်။

အားရဲကျေးရွာနှင့် အခြားကျေးရွာများသည် အစိုးရကိုထောက်ခံသည့်မိုင်းကိုးအခြေစိုက် ပြည်သူ့စစ်များ၏ ထိန်းချုပ်ရာနယ်မြေတွင် ရှိသော်လည်း သတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံ ပြည်သူ့စစ် ခေါင်းဆောင်များကို တိုင်ပင်ဆွေးနွေးခြင်းမရှိသကဲ့သို့ အကျိုးခံစားခွင့် တစုံတရာမျှလည်း မပေးခဲ့ချေ။

## သတ္တုတူးဖော်ခြင်း၏ ဆိုးကျိုးများ

### လယ်ယာမြေသိမ်းဆည်းခြင်း

***"သင်တို့ ၏ပြဿနာများကိုရှင်းနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ အခြားနေရာသို့ ပြောင်းရွှေ့ခြင်းဖြစ်၏။"***

၂၀၀၉ခုနှစ်တွင် စိုင်းလောင်ဟိန်းကုမ္ပဏီက အားရဲရွာသားများကို ဒေသတွင်းမှ ပြောင်းရွှေ့သွားရန် စတင်ဖိအားပေးခဲ့သည်။ အိမ်ထောင်စုစာရင်း ရှိသည့် မိသားစုများကို လျော်ကြေးပေးမည်ဟုလည်း ကမ်းလှမ်း ခဲ့သည်။ သို့သော် ရွာရှိ အိမ်ထောင်စု၏တဝက်ခန့်သာ အိမ်ထောင်စုစာရင်း ရှိလေသည်။

ရွာသားအများစုမှာ တခြားဒေသသို့ ပြောင်းရွှေ့ရန် ဆန္ဒမရှိသော်လည်း မိသားစု ၇စုမှာ လျော်ကြေးပေးသည်ကို လက်မခံပါက နောင်တွင် ဘာမျှမရမည်ကို စိုးရိမ်ပြီး ကုမ္ပဏီ၏ ကမ်းလှမ်းချက်ကို လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် အာဏာပိုင်များက အတင်းအကျပ်ပြောင်းရွှေ့ခိုင်းလာပါက နေရာဒေသသစ်တွင် ရုတ်တရက်အခြေချရန် အခက်အခဲဖြစ်မည်ကိုလည်း စိုးရိမ်ခဲ့ကြသည်။ ရွှေ့ပြောင်းသူများကို မိုင်းကိုးအုပ်စု ဥက္ကဋ္ဌရုံးတွင် လက်မှတ်ရေး ထိုးရန် ခိုင်းစေခဲ့သည်။

ရွာသားများကို ၎င်းတို့၏အိမ်ယာအတွက် ကာလတန်ဖိုးနှင့် ပေးချေမည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း အမှန်တကယ်အားဖြင့် ယင်းတန်ဖိုး၏တဝက်ကိုသာ အာဏာပိုင်များထံက ရရှိခဲ့ကြသည်။ လက်မှတ် ရေးထိုးသည့် စာရွက်စာတမ်းများအပေါ်တွင် ငွေမည်မျှလက်ခံရရှိကြောင်းကို ရေးသားဖော်ပြထားခြင်း မရှိပေ။ ထို့ကြောင့် ရွာသားများသည် ကုမ္ပဏီက အာဏာပိုင်များထံ လျော်ကြေးငွေကို အပြည့်မပေးဘဲ ထားသည်လား သို့မဟုတ် အာဏာပိုင်များက ပေးငွေ၏ တဝက်ကို ၎င်းတို့ အိတ်ကပ်အတွင်း ထည့်သွားသည်လားကို မသိကြရပေ။ ထို့ပြင် ရွာသားများသည် တရားဝင် အိမ်ထောင်စု စာရင်းရှိသော်လည်း စစ်တပ်ကို အလွန်အမင်း ကြောက်ရွံ့ကာ ဘာမျှမပေးဘဲ ထားမည်ကို စိုးရိမ်ကြသည့်အတွက် သွားရောက်မမေးရဲခဲ့ကြချေ။ ယင်းမိသားစုဝင်များသည် မြို့များအနီးရှိဆွေမျိုးသားချင်းများနှင့် သွားရောက် နေထိုင်ကြသော်လည်း လယ်ယာ မရှိသည့်အတွက် အသက်ရှင်ရပ်တည်ရန် အခက်အခဲများ တွေ့ကြရလေသည်။

## မြေယာအတွက် ငွေလက်ခံခဲ့သည့် ရွာသားများ စာရင်း-

| မိသားစု | ဆုံးရှုံးသွားသော ပိုင်ဆိုင်မှု | ကုမ္ပဏီမှပေးသော လျော် ကြေး | ကာလပေါက်ဈေး |
|---|---|---|---|
| အားဆော် | အိမ်နှင့်ခြံဝင်း | ၅၀ ၀၀၀ ဘတ် | ၁၀၀ ၀၀၀ ဘတ် |
| အားလို | အိမ်နှင့်ခြံဝင်း | ၃၀ ၀၀၀ ဘတ် | ၆၀ ၀၀၀ ဘတ် |
| အားဖေ | အိမ်နှင့်ခြံဝင်း | ၃၀ ၀၀၀ ဘတ် | ၆၀ ၀၀၀ ဘတ် |
| လောရှဲ | အိမ်နှင့်ခြံဝင်း | ၄၀ ၀၀၀ ဘတ် | ၈၀ ၀၀၀ ဘတ် |
| သိန်းဖေ | အိမ်နှင့်ခြံဝင်း | ၄၀ ၀၀၀ ဘတ် | ၈၀ ၀၀၀ ဘတ် |
| အားလူ | အိမ်နှင့်ခြံဝင်း | ၅၀ ၀၀၀ ဘတ် | ၁၀၀ ၀၀၀ ဘတ် |
| အားထူ | အိမ်နှင့်ခြံဝင်း | ၅၀ ၀၀၀ ဘတ် | ၁၀၀ ၀၀၀ ဘတ် |

၂၀၁၀ခုနှစ်အတွင်းတွင် စိုင်းလောင်ဟိန်းကုမ္ပဏီသည် ဒေသတွင်းတွင် သတ္တုတူးဖော်မှုလုပ်ငန်းကို ကျယ်ပြန့်စွာ ဆောင်ရွက်လာခဲ့သောကြောင့် အားရဲရွာ၊ မယ်ကော်ဝမ်းရွာ၊ မားမိုတာရွာနှင့် ဟားကျားရွာတို့မှ စိုက်ပျိုးမြေ ဧက၂၀၀ကို ထိခိုက်စေခဲ့သည်။ ယင်းလယ်ယာမြေများမှာ စပါး၊ လက်ဖက်၊ ၄က်ပျော၊ ပြောင်းဖူး၊ ပိန္နဲ၊ မျှစ်၊ ဟင်းသီးဟင်းရွက်နှင့် မယ်ဇလီပင်များ စိုက်ပျိုးသောမြေဖြစ်သည်။ ထို့ပြင် ပျားရည်နှင့် ပရဆေးအပါအဝင် သစ်တောထွက်ပစ္စည်း ရှာဖွေစုဆောင်းရာ သစ်တောမြေ ဧက၂၀၀ ခန့်လည်း ပျက်ဆီးသွားခဲ့သည်။ ဒေသခံရွာသားများသည် ယင်းမြေယာဆုံးရှုံးမှုအတွက် လျော်ကြေးလုံးဝ မရခဲ့ကြပေ။ အချို့နေရာများတွင် သတ္တုတူးဖော်ခြင်းနှင့် အချို့နေရာများတွင် တူးဖော်သည့် မြေစာများ စွန့်ပစ်ခြင်းကြောင့် ရွာသားပိုင်လယ်မြေများ ပျက်ဆီးဆုံးရှုံးရခြင်းဖြစ်သည်။

အားရဲရွာသူကြီးကတော်က ရွှေဖြူတူးဖော်မှုကြောင့် စိုက်ပျိုးမြေနှင့် စားကျက်မြေများ ထိခိုက် ပျက်ဆီးခဲ့ရကြောင်း စိုင်းလောင်ဟိန်းကုမ္ပဏီမန်နေဂျာအား စောဒကတက်ခဲ့သည်။ မန်နေဂျာက ကျနော်တို့ လုပ်ငန်းလုပ်ကိုင်ဖို့ အထက်က ခွင့်ပြုချက်ရထားပြီး။ နောက် ဒီစီမံကိန်းအတွက်လည်း  ငွေအများအပြားလည်း ရင်းနှီးမြှုပ်နှံထားရပြီ။ ခင်ဗျားတို့အခက်အခဲအတွက် အကောင်းဆုံး ဖြေရှင်းနည်းကတော့ ဒီကနေ တခြားကို ပြောင်းသွားတာပဲ ဖြစ်မယ် ဟုပြန်လည် ဖြေကြားခဲ့သည်။

*သတ္တုလုပ်ငန်းစီမံကိန်း လုပ်ကိုင်ရန်အတွက် ကျေးရွာပိုင်မြေများကို သိမ်းယူခြင်း။*

## ဆုံးရှုံးသွားသော လယ်ယာမြေများ

| ကုမ္ပဏီအမည် | ရွာအမည် | ခံရသူရွာသား | ဧကပေါင်း |
|---|---|---|---|
| စိုင်းလောင်ဟိန်း | မယ်ကော်ဝမ်း | ဦးကျုယဲ | ၂ဧက |
| | မယ်ကော်ဝမ်း | ဦးလီဟား | ၂ဧက |
| | မယ်ကော်ဝမ်း | ဦးကျုကျို | ဧကဝက် |
| | မယ်ကော်ဝမ်း | ဦးလီဟား | ဧကဝက် |
| | မယ်ကော်ဝမ်း | ဦးကျုယင် | ဧကဝက် |
| | မယ်ကော်ဝမ်း | ဦးရောလု | ဧကဝက် |
| | မယ်ကော်ဝမ်း | ဦးကျုလယ် | ၃ဧက |
| | အားရဲ | ရွာသူကြီး | ၅ဧက |
| | အားရဲ | ဦးအားဝေ | ၈ဧက |
| | အားရဲ | ဦးအားဒေး | ၁ဧက |
| | အားရဲ | ဦးအားကော် | ၂ဧက |
| | အားရဲ | ဦးအားကျုလို | ၁ဧက |
| | အားရဲ | ဦးအားဒို | ၁ဧက |
| | အားရဲ | ဦးမဲကျေ | ၁ဧက |
| | အားရဲ | ဦးအားနင် | ၂ဧက |
| | ဟားကျား | ဦးအားဟော | ၁ဧက |
| | ဟားကျား | ဦးလော့အော် | ၁ဧက |
| | မားမိုတာ(၂) | ဦးယောန | ၁ဧက |
| | မားမိုတာ(၃) | ဧကဦးအားပေါ | ၁ဧက |
| မြင့်ဦးအောင် (နတ်ခမ်း) | ဟားကျား | ဦးယားပါ | ၁ဧကခွဲ |
| | ဟားကျား | ဦးအားဆော့ | ၁၅ဧက |
| | ဟားကျား | ဦးမဲဂျူး | ၁၅ဧက |
| | ဟားကျား | ဦးယာတိ | ၅ဧက |
| | ဟားကျား | ဦးအာဖာ | ၅ဧက |
| | ဟားကျား | ဦးယားကာ | ၇ဧက |
| | ဟားကျား | ဦးအားတိ | ၁ဧက |
| ဟိန်းလင်းစံ | မယ်ကော်ဝမ်း | ဦးကျုယဲ | ၂ဧက |
| ဝဏ္ဏသိန်းသန်း | မယ်ကော်ဝမ်း | ဦးလီဟား | ၃ဧက |
| **စုစုပေါင်း** | | | **၉၂ဧက** |

## လမ်းမကြီးများပျက်ဆီးခြင်း

၂၀၀၇ခုနှစ်တွင် စိုင်းလောင်ဟိန်းကုမ္ပဏီက ယင်းဒေသအတွင်း သတ္တုစမ်းသပ်တူးဖော်မှုများ စတင် လုပ်ဆောင်စဉ် ကုမ္ပဏီဝန်ထမ်းအချို့က ဒေသခံသူကြီးများနှင့် တွေ့ဆုံပြီး စီမံကိန်းအကောင်အထည်ဖော်ပါက မိုင်းကိုးမှ ၁၅မိုင်ဝေးသော အားရဲရွာအထိ ကတ္တရာလမ်းဖောက်လုပ်ပေးမည်ဟု ကတိပေးခဲ့သည်။ ဒေသခံ ပြည်သူများက လက်ရှိမြေဖို့လမ်းကြမ်းထက် ပိုမိုကောင်းမွန်လာပြီး သွားလာရေးပိုကောင်း လာမည်ဖြစ်သည့် အတွက် ဝမ်းသာခဲ့ကြသည်။ သို့သော် ယင်းကုမ္ပဏီက သတ္တုတူးဖော်သည့်လုပ်ငန်းကို ၅နှစ်နီးပါး ဆောင်ရွက်လာသော်လည်း ယခုအချိန်ထိ ကတ္တရာလမ်းခင်းမပေးသေးပေ။

ထို့ပြင် ကုမ္ပဏီမှ အကြီးစား မော်တော်ယာဉ်များနှင့် စက်ယန္တရားများ သွားလာမှုကြောင့် လမ်းများမှာ ဆိုးဝါးစွာ ပျက်ဆီးလာခဲ့သည်။ ရလဒ်အဖြစ်ဒေသခံများမှာ တရွာနှင့် တရွာကူးသန်းသွားလာရန်နှင့် လယ်ယာသို့ သွားလာရန်အတွက် အခက်အခဲဖြစ်ခဲ့ကြသည်။ မိုးရာသီဆိုလျှင် ကား၊ ဆိုင်ကယ်သာမက စက်ဘီးများပင် သွားလာ၍ မရအောင်ဖြစ်ခဲ့သည်။

ယင်းအခြေအနေကြောင့် ဒေသခံပြည်သူ့စစ်ခေါင်းဆောင်များနှင့် ရပ်ရွာသူကြီးများက စိုင်းလောင်ဟိန်း ကုမ္ပဏီသို့သွားကာ မိုင်းကိုးမှာ အားရဲရွာအထိ လမ်းမကြီးကို ပြုပြင်ရန်အတွက် ကုမ္ပဏီများနှင့် ဒေသခံများ တဝက်စီကျခံ ပြုပြင်ရန် တိုင်ပင် ဆွေးနွေးခဲ့သည်။ သို့သော် စိုင်းလောင်ဟိန်းကုမ္ပဏီက လမ်းပြင်သည့်ကိစ္စသည် မိမိတို့နှင့် မသက်ဆိုင်ကြောင်း၊ အစိုးရနှင့်သာ တိုက်ရိုက် သက်ဆိုင်သဖြင့် ၄င်းတို့ထံသွားရောက်ပြောဆိုရန် တုံ့ပြန်ခဲ့သည်။

၂၀၁၀ခုနှစ်က မယ်ကော်ဝမ်ရွာမှ အသက် ၆၅နှစ်အရွယ် ဒေါ်နာကော်က လမ်းပြင်ပေးမည်ဟု ရွာသူကြီးများကို ကတိပေးပြီး လမ်းမပြင်ခြင်း ၊ လမ်းများပျက်ဆီးရခြင်း၊ ကားသံများ ဆူညံနေခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီ ယာဉ်မောင်း တဦးကို ပြောကြားခဲ့ သည်။ ထိုအခါ ယာဉ်မောင်းက အဘွားကြီးကလည်း လျှာရှည်လိုက်တာ။ ကျနော်တို့က အထက်အမိန့်၊ လူကြီးတွေနဲ့ တိုင်ပင်ပြီး လုပ်တာ။ ပြောချင်ရင် ကျနော်တို့လာမပြောနဲ့ ၊ ဗျူဟာမှူးကို သွားပြော ဟု ရိုင်းစိုင်းစွာ တုံ့ပြန်ခဲ့သည်။

၂၀၁၁ဇန်နဝါရီလတွင် ဒေသခံပြည်သူ့စစ်ခေါင်းဆောင်တဦးက စိုင်းလောင်ဟိန်းကုမ္ပဏီ မန်နေဂျာစောထွေးကို လမ်းပြုပြင်ရန် အတွက် အကူအညီတောင်းခံခဲ့သည်။ သို့သော် မန်နေဂျာ စောထွေးက လမ်းပြင်တဲ့အလုပ်က ကုမ္ပဏီရဲ့ အလုပ်မဟုတ်ဘူး။ ဒီအတွက် ကျနော်တို့မှာ ငွေမရှိဘူး။ ခင်ဗျားအနေနဲ့ အစိုးရဆီသွားပြောပါ။ သူတို့မှာ တာဝန်ရှိတယ် ဟု ပြန်လည်ပြောခဲ့သည်။

***"လမ်းပြင်တဲ့အလုပ်က ကုမဏီရဲ့ အလုပ်မဟုတ်ဘူး။ဒီအတွက် ကျနော်တို့ မှာ ငွေမရှိဘူး။ ခင်ဗျားတို့ အနေနဲ့ အစိုးရစီသွားသင့်တယ်။ သူတို့ မှာ တာဝန်ရှိတယ်။"***

## သောက်သုံးရေအရင်းအမြစ်များ ပျက်ဆီးခြင်း

အားရဲရွာ၊ မယ်ကော်ဝမ်းရွာနှင့် မားမိုတာရွာမှ ရွာသားများသည် အားရဲရွာအနီးမှ စီးဆင်းနေသော စမ်းချောင်းရေ ကို မှီခိုအားထားနေကြရသည်။ လွန်ခဲ့သော ၆နှစ်ခန့်က နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့ ဖြစ်သည့် World Vision အဖွဲ့က ပိုက်လိုင်းနှင့် ရေသွယ်ယူ သိုလှောင်ပြီး ကျေးရွာတိုင်းမှ အိမ်တိုင်းကို ရေပေး ဝေခဲ့သည်။

ကုမ္ပဏီများက ၎င်းတို့အတွက် ယင်း စမ်းချောင်းရေကို ပိုက်လိုင်းဖြင့်သွယ်ယူ အသုံးပြုလာသောကြောင့် ချောင်း အောက်ပိုင်းတွင် ရေစီးဆင်းမှုနည်းပါးလာခဲ့သည်။ သတ္တုတူးဖော်သည် မြေစာများကို ချောင်းဘေး တလျှောက် တွင် စွန့်ပစ်ခြင်းကြောင့် ချောင်းရေမှာ ညစ်ညမ်းလာပြီး မြေစာနှင့် ကျောက်တုံးများက ချောင်းရေစီးဆင်းမှုကို ပိတ်ဆို့စေခဲ့သည်။

ယခုအခါ ရွာသားများသည် စိုက်ပျိုးရန်နှင့် သောက်သုံးရန်အတွက် ရေအခက်အခဲဖြစ် လာကြရသည်။ ခြောက်သွေ့ရာသီများတွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများအတွက် ရေမရှိတော့ပေ။ နေအိမ်သုံး ပိုက်လိုင်းမှ ရသည့် ရေမှာလည်း ရွှံ့နှစ်များနှင့် နောက်ကျိ ညစ်ညမ်းလာသည့်အပြင် တခါတရံ ရေလုံးဝမကျတော့ပေ။ ရွာသားများသည် သတ္တုတူးဖော်သည့် နေရာသို့ သွားရောက်ကာ ရေပုံမှန်စီးဆင်းရန်အတွက် ပိတ်ဆို့ နေသည်များကို မကြာခဏ ရှင်းလင်းကြရသည်။

ရွာသူကြီးများနှင့် ပြည်သူ့စစ်ခေါင်းဆောင်များက စိုင်းလောင်ဟိန်းကုမ္ပဏီမန်နေဂျာကို ရေသွယ်ယူမှုစနစ်ကို ပြန်လည် တည်ဆောက်ပေးရန် ပြောဆိုသော်လည်း ၎င်းက ရေလှောင်ကန်အသစ်ဆောက်ရန်အတွက် ကျနော်တို့မှာ ငွေမရှိဘူး ဟု သာ ပြန်လည်ဖြေကြားခဲ့သည်။

***သတ္တုတူးဖေါ်ခြင်းလုပ်ငန်းသည် ဒေသရှိ ရေစီးလမ်းကြောင်းများကို ပိတ်စို့ စေသည်သာမက ရေများကို ညစ်ညမ်းသွားစေသည်။***

## သတ္တုတူးဖော်မှုတွင် ဒေသခံများအတွက် အလုပ်အကိုင် မဖန်တီးပေးခြင်း

သတ္တုတူးဖော်သည့် ကုမ္ပဏီများ ရောက်ရှိလာသော်လည်း ဒေသခံများကို ကုမ္ပဏီတွင် အလုပ်လုပ်ရန် ကမ်းလှမ်းခဲ့ခြင်း မရှိပေ။ ကုမ္ပဏီအလုပ်သမားများ အားလုံးမှာ မြန်မာပြည်အခြားဒေသမှ လာရောက်သူများသာ ဖြစ်သည်။ ၂၀၀၉ခုနှစ်တွင် အားရဲရွာနှင့် မယ်ကော်ဝမ်ရွာသူကြီးတို့က စိုင်းလောင်ဟိန်း ကုမ္ပဏီ မန်နေဂျာ စောထွေးကို ဒေသခံများအား အလုပ်လုပ်ခွင့်ပေးရန် ပြောဆိုခဲ့သည်။ သို့သော် ၎င်းက

ကျေးရွာမှ လက်ရှိလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကိုလည်း တားမြစ်နယ်မြေအဖြစ် ကန့် သတ်ပိတ်ပင်ထားပါသည်။

ကျနော်တို့က ကျနော်တို့ လုပ်ငန်းအတွက် အချိန်ပြည့်အလုပ်လုပ်တဲ့ အလုပ်သမားတွေပဲ ရချင်တယ်။ ခင်ဗျားတို့က တနင်္ဂနွေဆို နားမယ်။ လယ်လုပ်ချိန်၊ တောင်ယာလုပ်ချိန်ဆို နားမယ်။ ခင်ဗျားတို့ ကုမ္ပဏီအတွက် အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး ဟုသာ ပြန်လည်တုံ့ပြန်ခဲ့သည်။

၂၀၁၀ခုနှစ်တွင် မယ်ကော်ဝမ်ရွာမှ ဒေါ်နာဟယ်က မန်နေဂျာစောထွေးကို ရွာထဲတွင် လူငယ်တွေ အများကြီးရှိကြောင်း၊ ကျောင်းမနေနိုင်သော အလုပ်မရှိသည့် မိန်းကလေး၊ယောကျ်ားလေးတွေရှိကြောင်းနှင့် ၎င်းတို့ကို မိသားစုဝင်ငွေရရန်အတွက် သတ္တုတွင်းလုပ်ငန်းတွင် အလုပ်ခန့်ရန် တောင်းဆိုခဲ့သည်။

*ထိုအခါ မန်နေဂျာက ကျနော်တို့ အမျိုးသမီးအလုပ်သမားတွေမလိုချင်ဘူး။ ဘာလို့လဲဆိုတော့ သူတို့ အလုပ်ကောင်းကောင်းမလုပ်မှာကို စိုးရိမ်တယ်။ နောက် ကျနော်တို့အလုပ်သမားတွေနဲ့လည်းပြဿနာရှိလာနိုင်တယ် ဟုသာ ဖြေကြားခဲ့သည်။*

သူတို့ ၏ မြေပိုင်ယာပိုင်ရှိမှု (သို့ ) အလုပ်အကိုင်သစ်ရရှိမှုမရှိပါက ဒေသခံများ၏ ရှေ့ ရေးကို အထူးစိုးရိမ်နေကြသည်။

# အမျိုးသမီးများ ခံစားရသော ဆိုးကျိုးများ

*အမျိုးသမီးများတို့ သည် အိမ်ထောင်အတွက် အသုံးပြုရန် ရေကို ခပ်ယူသယ်ဆောင်ရသည်။*

## အိမ်သုံးရေရရှိရေးအတွက် ဝေးလံစွာ သွားလာရခြင်း

ကျားမကွဲပြားမှုပေါ် အခြေခံသည့် အလုပ်ခွဲခြားလုပ်ကိုင်မှုအရ အမျိုးသမီးများသည် အိမ်မှုကိစ္စအများစုကို လုပ်ကိုင်ကြရကာ ၎င်းတို့သည် ရေမသန့်ရှင်းမှုကြောင့် အခက်အခဲများ ရင်ဆိုင်နေကြရသည်။ ယခုအခါ အမျိုးသမီးများသည် အဝတ်လျှော်ဖွတ်ရန်နှင့် သောက်သုံးရေရရှိရေးအတွက် တမိုင်ခန့်ကွာဝေးသော အခြားစမ်းချောင်းတခုသို့ သွားနေကြရသည်။

မယ်ကော်ဝမ်းရွာမှ အမျိုးသမီးတဦးက ကျမမှာ ကလေးဖြေယောက်ရှိတယ်။ ကလေးများတော့ နေ့တိုင်းအဝတ်လျှော်ရတယ်။ အရင်က အိမ်မှာပဲ အဝတ်လျှော်လို့ ရတယ်။ အားတဲ့ အချိန်ဖြစ်ဖြစ်၊ ကလေး အိပ်တဲ့အချိန်ဖြစ်ဖြစ်လျှော်လို့ ရတယ်လေ။ အခုတော့ ရွှေဖြူတူးတဲ့ကုမ္ပဏီတွေက ရေကို ဖြတ်ယူလိုက်တော့ ရေလည်း ခဏ ခဏ နောက်လာပြီး အဝတ်လျှော်ဖို့ ချောင်းအထိသွားနေရတယ်။ အဝတ်တွေလည်း သယ်ရ၊ ကလေးလည်း ပိုးရနဲ့ အရမ်းဒုက္ခရောက်တယ်။ နေ့တဝက်လောက်က အဝတ်လျှော်တာနဲ့ အချိန်ကုန်ရတယ်။ အခု အဝတ်လျှော်ရတာက အလုပ်ကြီးတခု ဖြစ်လာတယ်။

## သတ္တုတွင်းလုပ်သားများ၏ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု

အမျိုးသမီးများသည် သတ္တုတူးဖော်သည့် လုပ်ငန်းတွင် အလုပ်အကိုင်မရရှိသည့်အပြင် သတ္တုတွင်း အလုပ်သမားများက နုတ်အားဖြင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကြောင့် ၎င်းတို့သည် လယ်ယာ စိုက်ခင်းများသို့ သွားလာရာတွင်လည်း မလုံခြုံမှုများကို ခံစားနေကြရသည်။ ယင်းသို့ ထိပါးနှောင့်ယှက်မှုများသည် ညနေအချိန်တွင် အလုပ်သမားများ အရက်သေစာသောက်စားပြီး ရွာအတွင်း လာရောက်သည့် အခါတွင် ဖြစ်ပွားတတ်သည်။

## ခန္ဓာကိုယ်ရင်း၍ စီးပွားရှာသော အမျိုးသမီးငယ်များ ပေါ်ပေါက်လာခြင်း

သတ္တုတွင်းအလုပ်သမားများ ရာနှင့်ချီကာ ရောက်ရှိလာမှုသည် လိင်ပိုင်းဆိုင်ရာလုပ်ငန်းအတွက် တောင်းဆိုမှု တခု ဖြစ်လာနေသည်။ အကျိုးရလဒ်အဖြစ် အသက် ၁၄နှစ်ခန့်အထိ ငယ်ရွယ်သော မိန်းကလေးများအပါအဝင် အချို့ဒေသခံ အမျိုးသမီးငယ်များသည် မိသားစု စားဝတ်နေရေးမပြေလည်မှုကြောင့် ခန္ဓာကိုယ်ရောင်းသည့် အဖြစ်များ ရှိလာသည်။ အလုပ်သမားများက သတ္တုတူးဖော်ရာနေရာအနီးရှိ လယ်ကွင်းများ သို့မဟုတ် မိန်းကလေး၏နေအိမ်များတွင် ချိန်းဆိုတွေ့ဆုံကြသည်။

ခန္ဓာကိုယ်ရင်း၍ အလုပ်လုပ်နေသူ ဒေသခံ အမျိုးသမီးငယ်တဦးက

> *ကျမတို့ မိသားစုမှာ မောင်နှမများတော့ ကျမက ၇တန်းနဲ့ ကျောင်းထွက်ခဲ့ရတယ်။ ကျမက မောင်တွေ၊ ညီမတွေကို ထောက်ပံ့ပေးချင်တယ်။ ဒါပေမဲ့ ကျမတို့ လယ်က သတ္တုတူးတဲ့ မြေစာဖုံးလို့ ပျက်ဆီးသွားပြီ။ လုပ်မရတော့ဘူး။ ကျမသိပါတယ်။ ဒီအလုပ်လုပ်လို့ နံမည်ပျက်မယ်ဆိုတာ။ ဒါပေမဲ့မိသားစုကို ကူဖို့လိုအပ်နေတယ်။ ခု ကုမ္ပဏီတွေများလာတော့ ငွေပိုရှာ ရလာမယ်တော့ မျှော်လင့်တယ်။*

## အလုပ်သမားများက အမျိုးသမီးငယ်များကို ဇနီးအဖြစ် ရယူခြင်း

အလုပ်သမားနှစ်ဦးသည် ဆယ်ကျော်သက် အမျိုးသမီးငယ်နှစ်ဦးနှင့် အတူသွားရောက်နေထိုင်နေသည်။ အလုပ် လုပ်၍ ငွေရလာလျှင် အာခါလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ လက်ထပ်ပွဲကျင်းပမည်ဟု မိဘများကို ကတိပြုထားသည်။

## အမျိုးသမီးငယ်များကို လိမ်ညာလက်ထပ်ယူခြင်း

၂၀၁၀ခုနှစ် မေလအတွင်းက မန်နေဂျာစောထွေးသည် ၁၄နှစ်အရွယ် ဒေသခံ အမျိုးသမီးငယ်တဦးကို လိမ်ညာ၍ လက်ထပ်ယူခဲ့သည်။ ၄င်းသည် မိုင်းလားတွင် မယားကြီးရှိသော်လည်း နာဘိုကို အိမ်ထောင် မရှိကြောင်း လိမ်ညာပြောဆိုခဲ့သည်။ ၄င်းက နာဘို၏မိဘထံ ထိုင်းဘတ်ငွေ ၁၀၀၀၀ တင်တောင်းပြီးလားဟူ ထုံးစံအရ လက်ထပ်ခွင့် တောင်းခံခဲ့သည်။ လက်ထပ်ပြီးသောအခါ မယ်ကော်ဝမ်းရွာတွင် အိမ်တဆောင်ငှားကာ နေထိုင်ခဲ့သည်။ ၅လခန့်ကြာသောအခါ မုန်းလားမှ မယားကြီး ၄င်းထံသို့ လာရောက်လည်ပတ်ခဲ့သည်။ မယ်ကော်ဝမ်းရွာသို့ ရောက်သောအခါ နာဘိုအား ဆူဆဲ ကြိမ်းမောင်းက နေအိမ်မှ မောင်းထုတ်ခဲ့သည်။ နာဘိုသည် မိဘများရှိရာ လော့ခမ်းရွာသို့ပြန်လာခဲ့ရသည်။ မန်နေဂျာစောထွေးသည် နာဘိုအား နစ်နာကြေးအဖြစ် ဘာမျှမပေးခဲ့ပေ။

## အဓမ္မ လူကုန်ကူးခံရခြင်း

၂၀၁၁ခုနှစ် ဩဂုတ်လအတွင်းက အာရဲရွာမှ အသက် ၂၀အရွယ်ရှိ ယားမီးကူကို စိုင်းလောင်ဟိန်းကုမ္ပဏီမှ ဝန်ထမ်းတဦးက တာချီလိတ်မြို့သို့ အဓမ္မခေါ်ဆောင်သွားသည်။ သူမနှင့် သူငယ်ချင်းများသည် ရွာအနီးရှိ လယ်တောသို့ သွားရောက်ခဲ့ကြပြီး လယ်တောတွင် တယောက်တည်းအလုပ်လုပ်နေစဉ် လူ၂ ယောက်က အတင်းအဓမ္မဆွဲခေါ်ကာ မျက်လုံးကို အဝတ်စည်း၍ တာချီလိတ်သို့ ခေါ်ဆောင်သွားခဲ့သည်။

သူမပျောက်ဆုံး သွားသည်ကို သူငယ်ချင်းများသိရှိသောအခါ ရွာပြန်၍ သူကြီးကို ပြောပြကြသည်။ ရွာသားများက နှစ်ရက်တိုင် ရှာဖွေသော်လည်း လုံးဝ မတွေ့ရှိခဲ့ပေ။ တပတ်ခန့်ကြာသောအခါ ဒေသခံ ဘာသာရေးဆရာတဦးက သူမကို တာချီလိတ်မြို့ရှိ လက်ဖက်ရည်ဆိုင်တွင် စိုင်းလောင်ဟိန်းကုမ္ပဏီမှ လက်ထောက်မန်နေဂျာနှင့် အတူထိုင် နေသည်ကို တွေ့ရှိပြီး ရွာသို့ ပြန်ခေါ်လာခဲ့သည်။ သူမသည် စိတ်သောကဖြစ်နေပြီး တာချီလိတ်မြို့တွင် သူမကို သုံးနေရာပြောင်း ထားရှိခဲ့ကြောင်း၊ သို့သော် ကြောက်ရွံ့၍ ထွက်မပြေးရဲကြောင်း ပြောသည်။ လက်ထောက် မန်နေဂျာဖြစ်သူက သူမကို တာချီလိတ်သို့ပို့ပေးမည်ဖြစ်ကြောင်းနှင့် ယင်းတွင် ငွေအများအပြား ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကျေးရွာသူကြီးက စိုင်းလောင်ဟိန်းကုမ္ပဏီ မန်နေဂျာကို သွားရောက် ပြောဆိုသောအခါ မန်နေဂျာက သူမအတွက် လျော်ကြေးအဖြစ် ထိုင်းဘတ်ငွေ ၃၀ ၀၀၀ ပေးခဲ့ပြီး ယင်းကိစ္စကို မည်ကိုမှ မပြောရန် ပိတ်ပင်ခဲ့သည်။ ယားမီးကို အဓမ္မခေါ်ဆောင်ခဲ့သော လက်ထောက်မန်နေဂျာသည် သတ္တုတူးဖော်ရေးစီမံကိန်းတွင် အလုပ်ဆက်လက် လုပ်ကိုင်လျှက်ရှိသည်။

# နီဂုံး

အားရဲကျေးရွာအနီးမှ ရွှေဖြူတူးဖော်သည့်လုပ်ငန်းသည် ဆင်းရဲမွဲတေမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်ဆီး ဆုံးရှုံးမှုများကို ဖြစ်စေသောကြောင့် အလွန်ပင် နစ်နာဆုံးရှုံးမှုများကို ဖြစ်စေပါသည်။ ထိုသတ္တုတွင်းလုပ်ငန်း၏ ဆိုးကျိုးကြောင့် ဒေသခံ ရွာသူ ရွာသားပေါင်း ၂၀၀၀ကျော်မှာ အတင်းအဓမ္မ နေရာပြောင်းရွှေ့ခံရမှု၊ လယ်ယာ မြေ၊ သစ်တောနှင့် ရေအရင်းအမြစ်များ ပျက်ဆီးဆုံးရှုံးမှု တွေ့ကြုံခံစား နေကြရသည်။

ရွာသူ၊ ရွာသားများ၏အခွင့်အရေးကိုကာကွယ်ရန် တရားဥပဒေစိုးမိုးခြင်းလည်း မရှိပေ။ ဒေသခံစစ်တပ် အရာရှိများကို လာဘ်ငွေပေးဆောင်ခြင်းဖြင့် သတ္တုတူးဖော်သောကုမ္ပဏီများသည် လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့် ရှောက်ရေး စံနှုန်းများကို လိုက်နာမှုမရှိဘဲ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက် နေကြသည်။ ကုမ္ပဏီများနှင့် အိမ်နီးချင်း နိုင်ငံမှ ရွှေဖြူဝယ်ယူသူများသည် သတ္တုတူးဖော်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်း ကျင်ရေးဆိုင်ရာ တာဝန်များကို ရှောင်ရှား၍ အမြတ်ငွေ ပိုမိုရရှိအောင် လုပ်ကိုင်လျှက်ရှိနေသည်။

## လားဟူ အမျိုးသမီးအဖွဲ့အစည်း၏ တောင်းဆိုချက်များ

### *မြန်မာအစိုးရသို့ တောင်းဆိုချက်*

- အားရဲရွာအနီးဒေသတွင် လုပ်ငန်းလုပ်ကိုင်နေသော သတ္တုတူးဖော်သည့် ကုမ္ပဏီများကို ချက်ချင်းရပ်တန့်ဖို့ စေခိုင်းရန်
- သတ္တုတူးဖော်ခြင်းကြောင့် ပျက်ဆီးဆုံးရှုံးရသော ရွာသားများ၏ ပိုင်ဆိုင်မှုအတွက် ထိုက်တန်သည် လျော်ကြေးပေးရန်နှင့် ပျက်ဆီးသွားသော မြေယာများကို နဂိုမူလအတိုင်း တတ်နိုင်သမျှ ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ပေးရန်အတွက် စေခိုင်းရန်

### *ဒေသခံများသို့ တောင်းဆိုချက်*

- နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသည့် သတ္တုတူးဖော်သည့်လုပ်ငန်းကြောင့် မြေယာနှင့် လူမှုဘဝများ ပျက်ဆီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်အတွက် လှုပ်ရှားမှုများ ဖော်ဆောင်ရန်

မြန်မာနှင့်တရုတ်ကုမဏီများတို့ သည် ရှမ်းပြည်အရှေ့ ပိုင်းမှာ ရွှေဖြူရယူနိုင်ရာအတွက် အာခါ၊ လားဟူနှင့် ရှမ်းရွာသားကို ဘေးသို့ တွန်းဖယ်လျှက်ရှိနေသည်။ အထူးသဖြင့် အမျိုးသမီးများတို့ သည် အသက်မွေးဝမ်းကျောင်း ပျောက်ဆုံးမှုနှင့် ရေအရင်းအမြစ်များ ဆုံးရှုံးမှုတို့ ကို တွေ့ ကြုံနေရသည်။ လားဟူအမျိုးသမီးများအဖွဲ့ အစည်းသည် သတ္တုတူးဖေါ်ခြင်းကြောင့် အရင်းအမြစ်များ ပျက်ဆီးနေခြင်းမှ ချက်ချင်းရပ်တန့် ရန် တောင်းဆိုသည်။

ဤလုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးသော အလှူရှင်အဖွဲ့ အစည်းနှင့် ပြည်တွင်းမှ ကူညီပေးသော လုပ်ဖေါ်ကိုင်ဖက်အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း လားဟူအမျိုးသမီးများအဖွဲ့ အစည်းမှ ပြောကြားလိုသည်။

**www.lahuwomen.org**